# ၁၉၅၇ ခုနှစ်၊ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၆။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ စက်မှုလက်မှု တိုးချဲ့ လုပ်ကိုင်ရေး ကော်ပိုရေးရှင်း (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။၁၉၅၇ ခုနှစ်၊ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း အက်ဥပဒေပုဒ်မ ၁၁ နောက်တွင်၊ အောက်ပါကို၊ ပုဒ်မ ၁၁-က အဖြစ်ထည့်သွင်းရမည်။

"၁၀-က။ ။ဤအက်ဥပဒေပါ ကိစ္စများအတွက် ကော်ပိုရေးရှင်းက မည်သည့်မြေကိုမဆိုအလိုရှိခဲ့လျှင်၊ ထိုမြေကိုသိမ်းယူရန် နိုင်ငံတော် သမတထံ လျှောက်တောင်းရမည်။ နိုင်ငံတော်သမတက သဘောတူညီလျှင်၊ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၄ တွင် ဖော်ပြသည့်အတိုင်း ထိုမြေကို၊ ပြည်သူ့ကိစ္စအတွက် အလိုရှိသည်ဟူ၍ မှတ်ယူရန်ပြဋ္ဌာန်းနိုင်သည်။ ထိုသို့ပြဋ္ဌာန်းပြီးလျှင်၊ နိုင်ငံတော်သမတသည်၊ မြေသိမ်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ထိုမြေကိုသိမ်းယူရန် လိုအပ်သလိုဆောင်ရွက်နိုင်သည်။ ထို့ပြင် မြေသိမ်းအက်ဥပဒေအရ၊ ထိုမြေကိုသိမ်းယူသည့်အတွက် ပေးရန်ဆုံးဖြတ်သည့်လျော်ကြေးမှစ၍ သိမ်းယူရာ၌ ကုန်ကျသောစရိတ်ကြေးငွေအဝဝကို ကော်ပိုရေးရှင်းကပေးစေရမည်။ ယင်းသို့ပေးပြီးမှသာ၊ ထိုမြေကိုကော်ပိုရေးရှင်းကပိုင်ရမည်။"

အတိုး ၁၀ ပြား]

ပ၊မ၊ဗ၊စ၊—အမှတ် ၂၇၊ တရားရေးဝန်ကြီးဌာန၊ ၃၀-၁-၅၀—၂,၂၀၀—၂။